

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်

ပါရဂူဘွဲ့သင်တန်းသား/သူခေါ်ယူခြင်း

၁။ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာပါရဂူဘွဲ့ Ph.D(IT)သင်တန်း အပတ်စဉ်(၁၂) သင်တန်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်း (၁) နှစ် နှင့် သုတေသနကျမ်းပြုသင်တန်း (၂) နှစ်၊ စုစုပေါင်း (၃) နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်သူများကိုသာလျှင် ပါရဂူသုတေသန ဆက်လက်လုပ်ဆောင်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ Ph.D(IT) လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကွန်ပျူတာဘာသာရပ် (သို့မဟုတ်) အလားတူ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက တစ်ဆက်တည်းလုပ်သက် (၂) နှစ် ရှိ၍ လက်ရှိတာဝန် ထမ်းဆောင်နေသူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဌာနနှင့်သက်ဆိုင်ရာဦးစီးဌာန၏ခွင့်ပြုချက်ဖြင့်လျှောက်ထားရမည်။

(c) သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများသည် Referee နှစ်ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

၄။ Ph.D(IT) သင်တန်းသို့ တက်ခွင့်ရရန် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam) ကို ဝင်ရောက်ဖြေဆိုကြရမည်။

<u>ရေးဖြေစာမေးပွဲ</u>

နေ့စွဲ	ဘာသာရပ်	အချိန်	ဖြေဆိုရမည့်ဌာန
၁၇-၁၁-၂၀၂၅	အင်္ဂလိပ်စာ	နံနက်(၉း၀၀)နာရီ မှ (၁၂း၀၀)နာရီ	မန္တလေးကွန်ပျူတာတက္ကသိုလ်
(တနလ်ာနေ့)	သက်ဆိုင်ရာဘာသာရပ်	နေ့လည်(၁း၀၀)နာရီ မှ (၄း၀၀)နာရီ	

၅။ (၂၀-၁၁-၂၀၂၅) ရက်၊ (ကြာသပတေးနေ့)၌ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့ဖြေဆိုကြရမည် ဖြစ်သည်။

၆။ ပါရဂူဘွဲ့အကြိုသင်တန်းများကို (၂၄-၁၁-၂၀၂၅) ရက်၊ (တနလ်ာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၇။ IT ပညာရပ်နယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ (၁၅) နှစ် နှင့်အထက်ရှိပြီး IT ဘာသာရပ်တွင် မဟာဘွဲ့တစ်ခုခုရရှိသူများသည် Ph.D (IT) (Research Only) သင်တန်းအတွက် အရည်အချင်းစစ်ဝင်ခွင့် စာမေးပွဲ (Entrance Exam) ဖြေစရာမလိုပဲ သီးခြားလျှောက်ထားနိုင်ပါသည်။ (၂၀-၁၁-၂၀၂၅) ရက် (ကြာသပတေးနေ့) ၌ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့ဖြေဆိုကြရမည်ဖြစ်သည်။

၈။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ရယူပြီး (၁၃-၁၁-၂၀၂၅) ရက်၊ (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၉။ အခြားသိရှိလိုပါက မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်းနံပါတ် ၀၉-၇၅၂၃၀၂၁၁၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။



သင်တန်းရေးရာဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်

မန္တလေးကွန်ပျူတာတက္ကသိုလ်
စာအုပ်အမှတ်၊ .....
ရက်စွဲ၊ .....
University of Computer Studies, Mandalay

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်

မဟာဘွဲ့ (M.C.Sc./M.C.Tech.) သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံ နှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် (၂၀၂၅-၂၀၂၆) ပညာသင်နှစ်၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်မှ စတင်၍ မဟာဘွဲ့သင်တန်းများ (M.C.Sc./M.C.Tech.) ကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ အထက်ပါ မဟာကွန်ပျူတာသိပ္ပံ/မဟာကွန်ပျူတာနည်းပညာ (M.C.Sc./M.C.Tech.)ဘွဲ့ သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁) နှစ် နှင့် သုတေသန ကျမ်းပြုသင်တန်း (၁) နှစ်၊ စုစုပေါင်း (၂) နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) စာမေးပွဲကို သတ်မှတ်အရည်အချင်းဖြင့် ဖြေဆိုအောင်မြင်သူများကိုသာ မဟာဘွဲ့ ကျမ်းပြုသုတေသနသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) M.C.Sc./M.C.Tech. မဟာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများ ဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာမဟာဘွဲ့ သင်တန်းအသီးသီးသို့တိုက်ရိုက် တက်ရောက်ရန် လျှောက်ထားနိုင်သည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှဆရာ၊ဆရာမများနှင့်ဝန်ထမ်းများသည်တစ်ဆက်တည်း လုပ်သက် (၂) နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း၊မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓါတ်ပုံ (၃) ပုံ နှင့် မဟာဘွဲ့သင်တန်းသို့တက်ရောက်ရန် အဆင့်မီသူဖြစ်ကြောင်း အောင်မြင်ခဲ့သော ကွန်ပျူတာတက္ကသိုလ်များမှ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္ထူ)တို့ကို ပူးတွဲတင်ပြရမည်။

၆။ မန္တလေးကွန်ပျူတာတက္ကသိုလ်သို့ (၁၃-၁၁-၂၀၂၅) ရက်၊ (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၇။ အခြားသိရှိလိုသည်များရှိပါက မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန၊ ဖုန်းနံပါတ် ၀၉-၇၅၂၃၀၂၁၁၅ သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။



သင်တန်းရေးရာဌာန

မန္တလေးကွန်ပျူတာတက္ကသိုလ်